ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

# ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

# ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၄/၈၉)

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငါးမွေးမြူခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ငါးလုပ်ငန်း ဦးစီးဌာနကို ဆိုသည်၊

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဃ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းတစ်ဦးဦးကို လည်းကောင်း ဆိုသည်၊

(င) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင် သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊

(စ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်၊

(ဆ) **ငါးမွေးမြူခြင်း** ဆိုသည်မှာ မွေးမြူခြင်းနည်းစနစ်အမျိုးမျိုးဖြင့် သဘာဝရေထုအတွင်းတွင် ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင် ဖြစ်စေ ငါးမျိုးပွားများစေခြင်း၊ ငါးသားပေါက် စုဆောင်းခြင်း၊ ငါးများကို အဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကို ဆိုသည်၊

(ဇ) **ငါးလုပ်ငန်းရေမြေ** ဆိုသည်မှာ ရေအစဉ်အမြဲ တည်ရှိသည်ဖြစ်စေ၊ ယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်သမုဒ္ဒရာနှင့် လိပ်များ၊ ဥချသည့်သဲသောင်များလည်း ပါဝင်သည်၊

(ဈ) **အငှားချထားသည့် ငါးလုပ်ငန်း ရေ မြေ** ဆို သည် မှာ ငါးလုပ်ငန်း လုပ်ကိုင်နိုင်ရန် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဦးစီးဌာနက အငှားချထားသော နယ်နိမိတ်အတွင်းရှိ ငါးလုပ်ငန်းရေပြင်ကို ဆိုသည်၊

(ည) **သီးသန့်ငါးလုပ်ငန်းရေမြေ** ဆိုသည်မှာ ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုး ပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးလုပ်ငန်းကို အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် ငါးလုပ်ငန်းရေပြင်ကို ဆိုသည်၊

(ဋ) **အငှားဂရန်** ဆိုသည်မှာ ဦးစီးဌာနကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ မိမိနှင့် သက်ဆိုင်သောမြေ သို့မဟုတ် ငါးလုပ်ငန်းရေပြင်တွင် ဥပဒေနှင့်အညီ အ ငှား ဂ ရန် ချထားခြင်းကို ဆိုသည်၊

(ဌ) **လိုင်စင်** ဆိုသည်မှာ ဦးစီးဌာ န က ထုတ် ပေး သော ငါးမွေးမြူခြင်း လုပ် ငန်း လုပ် ကိုင် ခွင့် ပြု သည့် လိုင်စင်ကို ဆိုသည်၊

(ဍ) **ငါးမွေးမြူမြေ** ဆိုသည်မှာ ပုဒ်မ ၁၁ အရ ငါးမွေးမြူရန် အလို့ငှာ ဦးစီးဌာနက သတ်မှတ်၍ သီးသန့်ထားရှိသည့်မြေကို ဆိုသည်၊

(ဎ) **အစိုးရဌာနတစ်ခုခု** ဆိုသည်မှာ ဦးစီးဌာနတစ်ခုခု သို့မဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ဦးစီးဌာနတစ်ခုခု သို့မဟုတ် အစိုးရလက်အောက်ခံအဖွဲ့အစည်းတစ်ခုခု၏ လက်အောက်ခံအဖွဲ့အစည်းများလည်း ပါဝင်သည်။

## အခန်း (၂)

## အငှားဂရန် သို့မဟုတ် လိုင်စင်လျှောက်ထားခြင်း

၃။ ငါးမွေးမြူမြေတွင်ဖြစ်စေ၊ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိသော ငါးလုပ်ငန်းရေပြင်တွင်ဖြစ်စေ၊ သီးသန့်ငါးလုပ်ငန်းရေပြင်တွင်ဖြစ်စေ ငါးမွေးမြူခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အငှားဂရန်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၄။ အငှားဂရန်ရရှိသူ သို့မဟုတ် ငါးမွေးမြူလိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၅။ ငါးသားဖောက်၍ ရောင်းချလိုသူ သို့မဟုတ် အလှပြငါးကို စီးပွားဖြစ် မွေးမြူလိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၆။ လိုင်စင်လျှောက်ထားသူသည်—

(က) လိုင်စင်ရရှိပြီးမှသာ ငါးမွေးမြူခြင်းကို လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) ဦးစီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) ငါးမွေးမြူမည့် ငါးလုပ်ငန်းရေပြင် သို့မဟုတ် မြေသည် အစိုးရဌာန တစ်ခုခုနှင့် သက်ဆိုင်လျှင် ယင်းဌာနက သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၃)

## အခွန်အခပေးဆောင်ခြင်း

၇။ ငါးမွေးမြူခြင်းအတွက် အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်—

(က) အငှားဂရန်ကြေး၊

(ခ) လိုင်စင်ခ။

၈။ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်သည် အောက်ပါ လုပ်ငန်းများနှင့် မသက်ဆိုင်စေရ—

(က) ဦးစီးဌာနက ဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးမွေးမြူခြင်းသုတေသနလုပ်ငန်း သို့မဟုတ် တိုးချဲ့ဖွံ့ဖြိုးရေး လုပ်ငန်းများ၊

(ခ) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးမွေးခြင်းသုတေသနလုပ်ငန်းများ။

၉။ အငှားဂရန် သက်တမ်း၊ လိုင်စင်သက်တမ်း၊ အငှားဂရန်ကြေး၊ လိုင်စင်ခနှင့် ရက်လွန်ကြေးတို့ကို ဦးစီးဌာနက သတ်မှတ်ပေးရမည်။

၁၀။ ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်။

## အခန်း (၄)

## ဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များ

၁၁။ ဦးစီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးရန် အလို့ငှာ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများအနက် သင့်လျော်သော မြေကို တည်ဆဲမြေယာဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငါးမွေးမြူမြေအဖြစ် သတ်မှတ်၍ သီးသန့်ထားရှိနိုင်သည်။

၁၂။ ပုဒ်မ ၁၁ အရ သတ်မှတ်၍ သီးသန့်ထားရှိသည့် ငါးမွေးမြူမြေကို ဦးစီးဌာနက စီမံခန့်ခွဲရမည်။

၁၃။ ဦးစီးဌာနသည် ငါးမွေးမြူမြေကို တစ်ကြိမ်လျှင် ၁၀ နှစ်ထက် မပိုစေဘဲ ငါးမွေးမြူလိုသူများအား အောက်ပါ စည်းကမ်းချက်များဖြင့် အငှားဂရန် ချထားနိုင်သည်—

(က) အငှားဂရန်ချထားသည့် မြေရေိယာ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ငါးမွေးကန်ရေပြင် ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်၊

(ခ) အငှားဂရန် ရရှိပြီး ၃ နှစ်အတွင်း သတ်မှတ်ထားသည့် ငါးမွေးကန် ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် ငါးမွေးမြူခြင်း လုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး ၅ နှစ် သက်တမ်း ကြာမြင့်သည့်အခါ ငါးမွေးကန်ရေပြင် ဧရိယာအားလုံး တွင် ငါးမွေးမြူခြင်းကို လုပ်ကိုင်ရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အား လိုက်နာရန် ပျက်ကွက်ပါက ကန် တူးဖော်ရန် ပျက်ကွက်သော မြေရေိယာသည် ဦးစီးဌာန၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိစေရမည်။ ထို့ပြင် ယင်း မြေပေါ်တွင် ကုန်ကျခဲ့သည့် စရိတ်များကို ပျက်ကွက်သူက ပြန်လည်တောင်းခံနိုင်ခွင့်လည်း မရှိစေရ၊

(ဃ) ဦးစီးဌာနက သတ်မှတ်သည့် အခြား စည်းကမ်းချက်များ ကိုလည်း လိုက်နာရမည်။

၁၄။ ငါးမွေးမြူမြေမှအပ အခြားမြေတွင် ငါးမွေးမြူလိုကြောင်း လျှောက်ထားသည့် ကိစ္စတွင် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဦးစီးဌာနက လိုင်စင်ထုတ်ပေးနိုင်သည်—

(က) ငါးမွေးမြူရန်ကိစ္စ အလို့ငှာ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ ကင်းလွတ်ခွင့် အမိန့်ကို ရယူပြီးဖြစ်ခြင်း၊

(ခ) ဦးစီးဌာနမှအပ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်လျှင် သော်လည်းကောင်း၊ အငှားဂရန်တစ်ရပ်ရပ် ရရှိထားသူရှိလျှင် သော်လည်းကောင်း ယင်းတို့ထံမှ ငါးမွေးမြူရန်ကိစ္စအလို့ငှာ သဘောတူညီချက် ရရှိပြီးဖြစ်ခြင်း၊

(ဂ) ဦးစီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာရန် သဘောတူပြီးဖြစ်ခြင်း။

၁၅။ ဦးစီးဌာနသည် အောက်ပါ ငါးလုပ်ငန်းရေပြင်တွင် ကန်တူး၍ ငါးမွေးမြူခြင်းနည်းစနစ်မှအပ အခြားငါးမွေးမြူခြင်းနည်းစနစ် တစ်ခုခုဖြင့် ငါးမွေးမြူလိုသူများအား တစ်ကြိမ်လျှင် ၃ နှစ်ထက် မပိုသောကာလအတွက် အငှားဂရန် ချထားနိုင်သည်—

(က) အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိသည့် ငါးလုပ်ငန်းရေပြင်၊

(ခ) သီးသန့်ငါးလုပ်ငန်းရေပြင်။

၁၆။ ဦးစီးဌာနက အောက်ဖော်ပြပါ ငါးမွေးမြူလိုသူများအား လိုင်စင် ထုတ်ပေးနိုင်သည်—

(က) ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၅ အရ အငှားဂရန် ချထားခြင်း ခံရသူ၊

(ခ) အငှားချထားသည့် ငါးလုပ်ငန်းရေပြင်တွင် အငှားချထားခြင်း ခံရသူ၊

(ဂ) ပုဒ်မခွဲ (ခ) အရ အငှားချထားခြင်း ခံရသူ၏ သဘောတူညီချက်ဖြင့် ငါးမွေးမြူလိုသူ။

၁၇။ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သော ငါးလုပ်ငန်းရေပြင်တွင် ငါးမွေးမြူလိုကြောင်းလျှောက်ထားပါက ယင်းဌာန၏ သဘောတူညီချက်ရရှိလျှင် ဦးစီးဌာနက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် အငှားဂရန်ကို ဖြစ်စေ၊ လိုင်စင်ကို ဖြစ်စေ ထုတ်ပေးနိုင်သည်။

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ အရ ထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်သော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခု၏ ဝန်ထမ်းတစ်ဦးဦးအား စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ငါးမွေးကန်နှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

## အခန်း (၅)

## အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်း

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်ပြယ်သည်—

(က) သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးမွေးမြူသူသည် မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာနသို့ ပြန်လည်အပ်နှံခြင်း။

၂၄။ ဦးစီးဌာနသည် ငါးမွေးမြူသူက ငါး မွေး မြူ ခြင်း လုပ် ငန်း ကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်း အငှားဂရန် သို့မဟုတ် လိုင်စင်အား ပယ်ဖျက်နိုင်သည်။

## အခန်း (၆)

## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၂၅။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်—

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ငါးမွေးမြူခြင်း လုပ်ငန်းများကို စစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ အရေးယူဆောင်ရွက်ရာတွင် ဖမ်းဆီးရမိသော ငါး၊ ငါးဖမ်းကိရိယာများနှင့် ငါးမွေးမြူရေးဆိုင်ရာ ပစ္စည်းကိရိယာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သည့် ငါးမွေးမြူခြင်းလုပ်ငန်းနှင့် ပတ်သက်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)

## အယူခံခြင်း

၂၆။ ဤဥပဒေပုဒ်မ ၁၇၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၂ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက် ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၇။ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

၂၈။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၈)

## တားမြစ်ချက်များ

၂၉။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ—

(က) လိုင်စင်မရှိဘဲ ငါးမွေးမြူခြင်း၊

(ခ) ငါးလုပ်ငန်းရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ်

ရေကိုညစ်ညမ်းစေခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊

(ဂ) ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ငါး အ ရှင် ကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှပြည်ပသို့ တင်ပို့ခြင်း၊

(ဃ) ဦးစီးဌာနက တားမြစ်သောငါးကို မွေးမြူခြင်း။

၃၀။ လိုင်စင်ရရှိသူသည်—

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ခ) ဦးစီးဌာန၏ ခွင့်ပြုချက် မရရှိဘဲ ငါး မွေး ကန် အား လွှဲပြောင်းခြင်းမပြုရ။

## အခန်း (၉)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံပစ္စည်းများ၊ ငါးများနှင့်ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၂။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ ပါ ပြ ဋ္ဌာန်း ချက် တစ် ရပ် ရပ် ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊

ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများ၊ ငါးများနှင့် ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၃။ ဤဥပဒေပါ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏နှစ်ဆအထိ ကျခံစေရမည်။

## အခန်း (၁၀)

### အထွေထွေ

၃၄။ အစိုးရဌာနတစ်ခုခုနှင့်သက်ဆိုင်သည့် မြေ သို့မဟုတ် ငါးလုပ်ငန်းရေပြင်တွင် ငါးမွေးမြူခြင်းကို ယင်းဌာနက လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၃၅။ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၃၆။ မိသားစုတစ်အိမ်ထောင် စားသုံးရန်အလို့ငှာ ရေပြင်၏ အရွယ်အစား (၂၅ ပေ×၅၀ ပေ) တစ်ကန်ထက်မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၇။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အငှားဂရန်ကြေး၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် စပ်လျဉ်းသည့် ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၃၇။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် လုပ်ကိုင်နေသော ငါးမွေးမြူခြင်း လုပ်ငန်းများနှင့်စပ်လျဥ်း၍—

(က) ဦးစီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း အချက်အလက် အပြည့်အစုံဖြင့် ဦးစီးဌာနသို့တင်ပြရမည်၊

(ခ) ငါးမွေးမြူရန်ကိစ္စအလို့ငှာ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ ရရှိပြီးသူများ၊ အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သည့် မြေ သို့မဟုတ် ငါးလုပ်ငန်းရေပြင်တွင် ယင်းဌာန၏ ခွင့်ပြုချက်ရရှိပြီးသူများသည် ဦးစီးဌာနတွင် လိုင်စင်လျှောက်ထားရမည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ) မှအပ တင်ပြလာသော ကိစ္စရပ်များကို စိစစ်ပြီးနောက် လိုအပ်သလို စီမံခန့်ခွဲနိုင်သည်၊ ညွှန်ကြားနိုင်သည်၊

(ဃ) ဦး စီး ဌာ န သို့ ပုဒ်မခွဲ (က) အရ တင် ပြ ခြင်း မ ရှိ ဘဲ ဆက်လက် လုပ်ကိုင်နေပါက ဥပဒေအရ အရေးယူခြင်း ခံရမည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်၊ ညွှန် ကြား ချက် တို့ ကို ထုတ် ပြန် နိုင်သည်။

(ပုံ) စောမောင်

ဗိုလ်ချုပ်ကြီး၊

ဥက္ကဋ္ဌ၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။